# ငွေစာရင်းသင်တန်း

## (သင်တန်းမှတ်စုအကျဉ်းချုပ်)

ငွေစာရင်းရေးသွင်းရာတွင် ငွေစာရင်းစာအုပ်၏ ဘယ်ဘက်ခြမ်းတွင် ရငွေ (သို့) ဝင်ငွေများကိုရေး၍ ညာဘက်ခြမ်းတွင် ကုန်ငွေ (သို့) ထွက်ငွေများကို ရေးသွင်းရပါမည်။ ငွေစာရင်းစာအုပ်ကို နေ့စဉ် စာရင်းပိတ်ရပါမည်။ စာရင်းပိတ်ရာတွင် ဘယ်ဘက်ခြမ်းမှစတင်၍ စာရင်းပေါင်းပြီး ညာဘက်ခြမ်းသို့ကူးရေး၍ စာရင်းပိတ်လက်ကျန် ဖေါ်ရပါမည်။ စာရင်းပိတ်လက်ကျန်ဆိုသည်မှာ ဝင်ငွေစုစုပေါင်းအထဲမှ ထွက်ငွေစုစုပေါင်းကို နှုတ်လိုက်သော် လက်ကျန်ငွေစုစုပေါင်းဖြစ်ပါသည်။ ယနေ့အတွက် စာရင်းပိတ်လက်ကျန် သည် နောက်တစ်နေ့ အတွက် စာရင်းဖွင့်လက်ကျန်ဖြစ်ပါသည်။ ငွေစာရင်းစာအုပ်ဖြစ်၍ စာမျက်နှာနံပါတ် အလိုက် ရှေ့မှ 'င' ခံ၍တပ်ပေးရပါမည်။ဥပမာ 'င-၁၊ င-၂၊ င-၃၊ င-၄' စသည်ဖြင့် အညွှန်းစာမျက်နှာ နံပါတ်တပ်ရပါမည်။ ငွေစာရင်းစာအုပ်တွင် စာရင်းရေးသွင်းပြီးပါက လယ်ဂျာစာအုပ်တွင် စာရင်းကူးပြောင်း ရေးသွင်းရပါမည်။

လယ်ဂျာစာအုပ်တွင် အကြောင်းအရာများကို ခေါင်းစဉ်တပ်ရပါသည်။ အကြောင်းအရာ တူတာခြင်းဘဲ ရေးသွင်းရပါသည်။ လယ်ဂျာစာအုပ်၌ စာရင်းရေးသွင်းရာတွင် ရငွေ (သို့) ဝင်ငွေများကို ညာဘက်ခြမ်းတွင် ရေးသွင်းပြီး ကုန်ငွေ (သို့) ထွက်ငွေများကို ဘယ်ဘက်ခြမ်းတွင်ရေးသွင်းရပါမည်။ အလွယ်မှတ်သော် ငွေစာရင်းစာအုပ်နှင့် ပြောင်းပြန်ရေးသွင်းရပါသည်။ လယ်ဂျာကိုလည်းငွေစာရင်းစာအုပ်၌ အညွှန်းတပ်သကဲ့သို့ စာမျက်နှာနံပါတ် တပ်ပေးရပါမည်။ လယ်ဂျာစာအုပ်ဖြစ်၍ စာမျက်နှာနံပါတ်အလိုက် 'လ' ခံ၍တပ်ပေး ရပါမည်။ ဥပမာ 'လ-၁၊ လ-၂၊ လ-၃၊ လ-၄ စသည်ဖြင့် အညွှန်းစာမျက်နှာနံပါတ်တပ်ရပါမည်။

ငွေစာရင်းမှတ်တမ်းနှင့် လယ်ဂျာကို အပြန်အလှန်စစ်ဆေးကြည့်ရှုရမည်ဖြစ်၍ အညွှန်းတပ်ရန် လိုပါသည်။ 'င' နံပါတ်ကို လယ်ဂျာသို့လည်းကောင်း၊ 'လ'နံပါတ်ကို ငွေစာရင်းသို့လည်းကောင်း တပ်ပေးရပါမည်။ လယ်ဂျာစာအုပ်ကို လကုန်သည့်ရက်ရောက်ရှိမှသာ စာရင်းပိတ်ရပါမည်။ စာရင်းပိတ်ရာတွင် ငွေပမာဏ များသည့်ဘက်မှ စတင်ပေါင်း၍ အခြားဘက်သို့ကူးရေးကာ စာရင်းပိတ်လက်ကျန်ဖေါ်ရပါမည်။ စာရင်းပိတ်လက်ကျန်ဆိုသည်မှာ ငွေများသောဘက်ရှိ စုစုပေါင်းငွေအထဲမှ ငွေနည်းသောဘက်ရှိစုစုပေါင်းငွေကို နှုတ်လိုက်သော် လက်ကျန်ငွေ စုစုပေါင်းဖြစ်ပါသည်။ ယခုလအတွက် စာရင်းပိတ်လက်ကျန်သည် နောက်လအတွက် စာရင်းဖွင့်လက်ကျန် ဖြစ်သည်။

လကုန်ရက်ရောက်ရှိတိုင်း လယ်ဂျာစာအုပ်၏ စာရင်ဖွင့်လက်ကျန်ကိုကြည့်၍ တစ်လတစ်ခါ ရငွေပေးငွေစာရင်းရှင်းတမ်းအား ရေးဆွဲရပါမည်။ စာရင်းရှင်းတမ်းရေးဆွဲရာတွင် ငွေစာရင်းစာအုပ်ကဲ့သို့ပင် ဝင်ငွေရရှိသည့် အကြောင်းအရာများကို ဘယ်ဘက်ခြမ်းတွင်ရေးပြီး ထွက်ငွေများကိုညာဘက်ခြမ်းတွင်ရေး၍ ငွေစာရင်းစာအုပ်မှ ငွေလက်ကျန်ကိုပါ ထွက်ငွေဘက်တွင် ထည့်ပေါင်းရပါမည်။ မိမိကြိုက်နှစ်သက်ရာဖက်မှ စတင်ပေါင်း၍ နှစ်ဖက်စလုံးမှ ပေါင်းလဒ်ဂဏန်းများတူညီနေလျှင် ငွေစာရင်းရှင်းတမ်းအမှန်ကို ရရှိမည်ဖြစ်ပါသည်။